ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ (25-12-2008) (၅၉၀၃)

**စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ဘက်စုံမှ ဖွံ့ဖြိုးလာအောင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ပြီးစီးပါက မုန်တိုင်းဒဏ်သင့် ဒေသများသည် ယခင်အခြေအနေများနှင့် မတူတော့ဘဲ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်။**





# မုန်တိုင်းဒဏ်ခံခဲ့ရသော ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း စသည့် မြို့များကို ပြန်လည်ထူထောင်ရာ၌ စိုက်ပျိုးရေးလုပ်ငန်းစသည့် စီးပွားရေးလုပ်ငန်းများကို အမြန်အပြည့်အဝ ပြန်လည်ထူထောင်နိုင်ရန် ကျေးပမ်း မြို့နယ်အလိုက် တာဝန်ပေးထားသော စီမံကိန်းရည်မှန်းချက်များအတိုင်း သီးနှံများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်

နေပြည်တော် ဒီဇင်ဘာ ၂၄

**ရန်ကုန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဒေသများဖြစ်သည့် ကျိုက်လတ်မြို့၊ ဒေးဒရဲမြို့နှင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ် စံပြကျေးရွာတွင် ကြည့်ရှုစစ်ဆေးစဉ်။** (အပေါ်ပုံ)

(သတင်းစဉ်)



**ဒေးဒရဲတံတားကို ဝေဟင်မှတွေ့ရစဉ်။**

(သတင်းစဉ်)

အတည်ပြုချိန် ၂း၃၀

ကြေးမုံ
The Mirror
၂၅-၁၂-၂၀၀၈
(ကြာသပတေးနေ့)

## မြို့ပြသန့်ရှင်း စိမ်းလန်းစိုပြည်ရေး ဖန်တီးဖော်ဆောင်

ပြည်သူများ၏လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးရာတွင် လူမှုပတ်ဝန်းကျင်၌ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်ရေးနှင့် ကူးသန်းဆက်သွယ် ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများ၊ စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်သည်။

ယခုအခါ မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်နေပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန် လမ်း၊ တံတားများကို တိုးမြှင့်တည်ဆောက်ပေးလျက်ရှိသည်။ စီးပွားရေးအချက်အချာကျသည့် မြို့ကြီးများ၌ မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဥယျာဉ်ပန်းခြံများ၊ ရေကန်များဖြင့် သဘာဝပတ်ဝန်းကျင်လှပရေး၊ ပြည်သူများအပန်းဖြေ အနားယူနိုင်ရေးတို့ကို အလေးထားပြီး ဖန်တီးတည်ဆောက်ပေးနေသည်။

စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းပေးနေသည်။ ချုံနွယ်ပိတ်ပေါင်း အမှိုက်သရိုက် ရှင်းလင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးများသာမက လျှပ်စစ်မီးလင်းရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့ပြသန့်ရှင်း သာယာလှပရေးလုပ်ငန်းများသည် နေ့စဉ် နေ့တိုင်းလုပ်ဆောင်ကြရသည့် လုပ်ငန်းများဖြစ်ရာ ဌာနဆိုင်ရာတို့နှင့်အတူ ပြည်သူများလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်စေရေး၊ အိမ်၊ လမ်း၊ ဈေးဆိုင် ပတ်ဝန်းကျင်များ သန့်ရှင်းနေစေရန် နေ့စဉ်ရှင်းလင်းရေး၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်စေရေး၊ ယင်လုံအိမ်သာသုံးစွဲစေရေး လုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးက စိတ်ရောကိုယ်ပါ လိုက်နာကျင့်သုံးလာစေရန် အသိပညာ ပေးသွားကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့်လည်း ရေမြောင်းများနှင့် လမ်းမပေါ်တွင် အမှိုက်သရိုက် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ခရီးသည်တင်ယာဉ်ပေါ်တွင် ဆေးလိပ်သောက်ခြင်း၊ ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ ကွမ်းတံတွေးများ ထွေးချခြင်းစသည့် လက်လွတ်စပယ်ပြုမူမှုမျိုး မရှိစေရန် အသိတရားဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။

ယခုအခါ စည်ပင်သာယာရေးအဖွဲ့များက မြို့ပြအင်္ဂါရပ်နှင့်အညီ ကျန်းမာသန့်ရှင်း ရောဂါဘယကင်းရှင်းရေး၊ စိမ်းလန်းစိုပြည်စေရေး လိုအပ်ချက်များကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိရာ ပြည်သူများအားလုံးက တစ်ကိုယ်ရေကျန်းမာရေး အလေးထားပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သန့်ရှင်းသာယာလှပသော လူမှုပတ်ဝန်းကျင်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြောင်းမြမြို့နယ် နွေစပါးနှင့်ကန်သင်းပေါင်နေကြာစိုက်ပျိုးပွဲ၊ ခြောက်ခရိုင် တင်းနစ်ပြိုင်ပွဲ၊ ကျောင်းဆောင်သစ်များဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၂၄

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီတွင် မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု ကွင်းအမှတ် ၂၁၁+၁၅ ဦးပိုင်အမှတ် ၁၅/၁ တောင်သူ ဦးရာပုလုံး၏ လယ်မြေဧက ၁၂၀ ရှိ နွေစပါးနှင့် ကန်သင်းပေါင်နေကြာ စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသော အထွက်ကောင်းမျိုးများနှင့် သဘာဝမြေဩဇာများကိုလည်းကောင်း၊ မြောင်းမြမြို့ ပြည့်စုံစက်မှုလက်မှုလုပ်ငန်းမှ ထုတ်လုပ်သော စွမ်းအင်ချွေတာရေး၊ မီးသွေးလောင်စာအသုံးပြု စက်သုံးဆီအစားထိုး စွမ်းအင်ထုတ် ရေတင်စက်ဖြင့် နွေစပါး သီးထပ်ရင်စိုက်ပျိုးရန် ရေတင်နေမှုကိုလည်းကောင်း၊ မြေပြုပြင်ထွန်ယက်နေမှုကိုလည်းကောင်း၊ ကန်သင်းပေါင်များ၌ ဆင်းရွှေကြာ (၂) နေကြာမျိုးစိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ခြောက်ခရိုင် အမျိုးသားတင်းနစ်ပြိုင်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် (International Beverages Trading Co.Ltd.)မှ ဆောက်လုပ်လှူဒါန်းသော မြောင်းမြမြို့နယ် တောင်ပေါ်စုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရေပင်အား အမှတ်တရ စိုက်ပျိုးပေးသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀ရှိပြီး တစ်ထပ်အုတ်ညှပ် သွပ်မိုး အဆောက်အအုံဖြစ်ကာ IBTC ကုမ္ပဏီလီမိတက်မှ လေးယောက် ထိုင်ခုံအမြင့် အစုံ ၃၀ အပါအဝင် ငွေကျပ် သိန်း ၂၅၀ နှင့် ဒေသနေပြည်သူ ထည့်ဝင်ငွေကျပ် ၂၄ သိန်းဖြင့် ဆောက်လုပ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် IBTC ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသော လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကံကော်ကုန်း အခြေခံပညာ မူလတန်းကျောင်း၌ ငွေကျပ် ၉၂ သိန်းဖြင့် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး ကျောင်းဆောင်သစ် ဖွင့်ပွဲကိုလည်းကောင်း၊ ကျောက်ဖျာလေး ကျေးရွာအခြေခံပညာ မူလတန်း(လွန်)ကျောင်း၌ ငွေကျပ်သိန်း ၄၀၀ ဖြင့် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး ကျောင်းဆောင်သစ်ဖွင့်ပွဲကို လည်းကောင်း တက်ရောက်အားပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## ချင်းပြည်နယ်(တောင်ပိုင်း) ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ နယ်စပ်/စည်ပင် ဒုတိယညွှန်ကြားရေးမှူးချုပ် စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ဒီဇင်ဘာ ၆ ရက်တွင် ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)နှင့် အမှတ်(၂) တို့ကိုလည်းကောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒီဇင်ဘာ ၇ ရက်တွင် မတူပီမြို့၌ လည်းကောင်း၊ ဒီဇင်ဘာ၈ရက်တွင် ကန်ပက်လက်မြို့၌လည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## ၁၉၆၆-၇၃ ခုနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်ဆေးတက္ကသိုလ် (၁) သို့ ၁၉၆၆ ခုနှစ် ဝင်ခွင့်ရ၍ ၁၉၇၃ ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့) ညနေ၆နာရီတွင် ကန်တော်ကြီး နတ်မောက်လမ်းနှင့် ဖိုးစိန်လမ်းထောင့်ရှိ Chatrium Hotel ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့်ဒေါက်တာအေးမောင်ဟန် ဖုန်း-၂၄၆၂၄၀၊ ဒေါက်တာခင်မောင်လွင် ဖုန်း-၂၅၀၇၁၉၊ဒေါက်တာအေးသောင်း ဖုန်း-၅၁၀၅၈၃၊ဒေါက်တာချစ်ကိုတင် ဖုန်း-၆၉၉၄၁၀၊ဒေါက်တာခင်မောင်ဝင်း ဖုန်း-၃၇၅၁၂၈၊ ဒေါက်တာသန်းအောင် ဖုန်း-၀၉-၈၀၃၄၀၇၁၊ ဒေါက်တာသန်းနိုင် ဖုန်း-၃၉၆၆၀၇၊ ဒေါက်တာဆင့်ဆင့် ဖုန်း-၂၂၂၄၉၁၊ ဒေါက်တာစုစုလှိုင် ဖုန်း-၂၉၁၈၅၈၊ဒေါက်တာမှီမှီသိမ်း ဖုန်း-၆၆၂၇၉၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ရန်ကုန်တောင်ပိုင်းခရိုင် ဈေးများဌာန ခရိုင်မှူး ဦးမောင်မောင်အေးနှင့် ဈေး တာဝန်ခံများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ စုပေါင်း၍ မီးဘေးအန္တရာယ်ကာကွယ်ရေး အဖြစ် မီးသတ်ရေပိုက် အသုံးပြုပုံ လက်တွေ့လေ့ကျင့်ကြစဉ်။**

(၅၄၂)



## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့ မဏ္ဍူသကခန်းမ၌ ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကိုကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ(ကိုယ်စား) ကော့သောင်းခရိုင် ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ခရိုင်ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို ရှင်းလင်းဟောပြောပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ကြသည်။

(ခရိုင်ပြန်/ဆက်)





## ကျေးရွာစာကြည့်တိုက်များ တည်တံ့ခိုင်မာရေးဆွေးနွေး

**ကသာ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်း ကသာခရိုင်အတွင်းရှိ ဖွင့်လှစ်ပြီးသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကသာခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက ခိုင်မာစာကြည့်တိုက်များ ဆောင်ရွက်နိုင်မှု ၂၀၀၈-၂၀၀၉ သတ်မှတ်ကာလအတွင်း လျာထားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အင်းတော်၊ ဝန်းသို၊ ဗန်းမောက်၊ ထီးချိုင့်မြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများ၊ ကသာ၊ ကောလင်း၊ ပင်လည်ဘူးမြို့နယ်များမှ မြို့နယ်အတွင်းရေးမှူးများ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများ တင်ပြကြကာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေက ကသာခရိုင်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့်အညီ ခိုင်မာရေးဆောင်ရွက်ရာတွင် နည်းလမ်းမျိုးစုံရှာ၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်၊ ရန်ပုံငွေရရှိရေး ဆောင်ရွက်ရန် ကွင်းဆင်း၍ ဟောပြောပွဲ စာဖတ်ဝိုင်းများ ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။ (ခရိုင်ပြန်/ဆက်)





ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာရှိ ခမောင်းလှ ရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ထားဝယ်-ရေး ကားလမ်းပိုင်းအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

**တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒီဇင်ဘာ ၂၁ရက် နံနက် ၇နာရီတွင် ထားဝယ်ဘူတာသို့ရောက်ရှိပြီး ထားဝယ်-မြိတ် မီးရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုမည့် ယာဉ်စက်ယန္တရားကြီးများ ရရှိမှု၊ လမ်းအူကြောင်း စတင်မည့်နေရာ၊ ထားဝယ်ဘူတာပြုပြင်ဆောင်ရွက်နေမှုနှင့် ရထားလမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ထားဝယ်မြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများနှင့် မြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည်ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာရှိ ခမောင်းလှ ရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကွင်းအမှတ်(၉၂)ရှိ တောင်သူဦးဖာဆူ၏ စပါးစိုက်ခင်းတွင် နွေစပါးစိုက်ပျိုးရန် စက်ယန္တရားဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ထားဝယ်-ရေး ကားလမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ရေဖြူမြို့ရှိ တံတားအမှတ်(၁၂/၅) ပျင်းတိုင်တံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် ၃၄/၇မိုင်နှင့် ၃၄/၆မိုင်ကြားရှိ သံကျောက်ဖြင့် မြေထပ်ပိုးလွှာတင်၍ လမ်းပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကလိန်အောင်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ထားဝယ်-ရေး ကားလမ်း မိုင်တိုင် ၅၉/၆မိုင်နှင့် ၅၉/၇မိုင် ကြား၌လည်းကောင်း၊ မိုင်တိုင် ၆၆/၄မိုင်နှင့် ၆၆/၅မိုင် ကြား၌လည်းကောင်း စက်ယန္တရားကြီးဖြင့် လမ်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ မိုင်တိုင်အမှတ် ၇၁/၀ မိုင်နှင့် ၇၂/၀မိုင်ကြားရှိ ရော်ဘာစိုက်ခင်းတွင် ရော်ဘာပင်များ ဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၃)ဒဂုံ (ယခင်မြို့မအမျိုးသမီးအထက်တန်းကျောင်း) (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြို့မ အမျိုးသမီးအထက်တန်းကျောင်းပညာသင်နှစ်မှစ၍ ၂၀၀၈ခုနှစ်ထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၃) ဒဂုံမြို့မခန်းမ၌ အသက်(၆၀)ပြည့် ဆရာမကြီးများနှင့်ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဒေါ်ကျင်ရှိန် ဖုန်း-၇၂၄၉၄၀၊ ဒေါက်တာ ခင်ခင်ထား ဖုန်း-၀၉-၅၀၁၄၉၃၃၊ မဥမ္မာမြင့် ဖုန်း-၀၉-၅၁၂၁၅၃၈၊ မအေးစုလှိုင် ဖုန်း-၂၁၁၆၃၉၊ မခင်ချမ်းသာ ဖုန်း-၀၉-၅၁၁၆၂၆၆၊မို့မို့အေး ဖုန်း-၃၈၈၄၇၂၊ မမိုးဖြူသဲ ဖုန်း-၅၅၆၂၆၁၊ နန့်ဝတ်ရည်နှင်းကြည်ဦး ဖုန်း-၅၁၀၀၅၄၊ မယဉ်မင်းထက် ဖုန်း-၅၃၈၃၈၆၊ မနွယ်နီဝင်း ဖုန်း-၂၄၈၁၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## အရောင်းကိုယ်စားလှယ်ဖိတ်ခေါ်ခြင်းနှင့် ဝင်းသူဇာဆိုင်များ ငှားရမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် လူသုံးကုန်ပစ္စည်းများဖြစ်သည့် အထည်အလိပ်များနှင့် အသင့်ချုပ်ပြီး အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးနှင့် အဖျော်ယမကာမျိုးစုံ၊ ဆေးဝါးအမျိုးမျိုးနှင့် ဆပ်ပြာမျိုးစုံ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စက္ကူနှင့် ဗလာစာအုပ်အမျိုးမျိုး၊ သဘော်ဆေးမျိုးစုံ၊ အပ်ချုပ်စက်နှင့် စက်ဘီးမျိုးစုံ၊ ပလတ်စတစ်၊ သားရေ၊ ရော်ဘာနှင့်စပ်လျဉ်းသော လူသုံးကုန်ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ပစ္စည်းအမယ်ပေါင်း ၉၀၄မယ်ကို ထုတ်လုပ်လျက်ရှိသည်။

အဆိုပါပစ္စည်းများအနက်မှ အမယ်ပေါင်း ၅၄၇မယ်ကို မြန်မာပြည်အနှံ့အပြားရှိ ဝင်းသူဇာအရောင်းဆိုင်များ၊ နယ်လှည့်ဈေးကားများနှင့် မြန်မာပြည်အနှံ့ အထူးဈေးရောင်းပွဲတော်များ၊ ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများတွင် လွတ်လပ်စွာ ရောင်းချပေးလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဖော်ပြပါ ထုတ်ကုန်ပစ္စည်းများသည် ဈေးနှုန်းချိုသာ၍ လူတန်းစားမရွေး အသုံးပြုနိုင်သည့် အရည်အသွေးကောင်းမွန်ပြီး ပြည်ပနိုင်ငံများမှ ထုတ်လုပ်သော ပစ္စည်းများနှင့်တန်းတူ အဆင့်ရှိသော ပစ္စည်းများဖြစ်၍ ပြည်သူများက နှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိပြီး ဝင်းသူဇာအရောင်းဆိုင်ကို ပြည်သူများ မသိသူမရှိသလောက် အောင်မြင်လျက်ရှိနေသည်။

ပြည်သူအများနှစ်ခြိုက်သော အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို ပြည်သူများထံ ပိုမို၍ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လက်လီ၊ လက်ကားအရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ထားသည်။

ထို့အပြင် မြန်မာပြည်အနှံ့ ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်များကိုလည်း ပုဂ္ဂလိကများသို့ ငှားရမ်းလုပ်ကိုင် ဆောင်ရွက်ခွင့်ပေးမည်ဖြစ်သည်။ ဝင်းသူဇာအရောင်းဆိုင်ကို ငှားရမ်းလုပ်ကိုင်လိုပါက သက်သာသော ငှားရမ်းခနှုန်းထားဖြင့် လုပ်ကိုင်ခွင့်ပေးပြီး ကုန်ပစ္စည်းဝယ်ယူသည့်အခါ လဆိုင်း စနစ်ဖြင့် ပေးချေခြင်း၊ ရောင်းချရာတွင် ရောင်းအားမြင့်မားပြီး အမြတ်ရရှိသည့် နည်းစနစ်များဖြင့် ဆောင်ရွက်ရန်လည်း ကူညီပေးမည်ဖြစ်သည်။ ငှားရမ်းဆောင်ရွက်လိုသူက သင့်လျော်သော အာမခံအဖြစ် ပိုင်ဆိုင်မှုခိုင်မာသော ပစ္စည်းကိုတင်ပြရန်သာလိုသည်။

သို့ပါ၍ စက်မှုထုတ်ကုန်ပစ္စည်းများကို ပြည်သူများထံ ပိုမို၍ ပျံ့ပျံ့နှံ့နှံ့ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လက်လီ၊လက်ကား အရောင်းကိုယ်စားလှယ်များနှင့် ဝင်းသူဇာအရောင်းဆိုင်များ ငှားရမ်းလုပ်ကိုင်ဆောင်ရွက်လိုသူများသည် အသေးစိတ်သိရှိလိုပါက စက်မှုညွှန်ကြားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၁၉၆၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဖုန်း-၀၆၇-၄၀၈၁၅၇၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖုန်း-၀၆၇-၄၀၈၂၇၆၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၁၆၂၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဖုန်း-၀၆၇-၄၀၈၃၇၂၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၃၇၄နှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဖုန်း-၀၆၇-၄၀၈၃၄၀တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း အမှတ်(၁)စက်မှုဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

## ငွေဆောင်ကမ်းခြေ၌ လွတ်လပ်ရေးနေ့ ပျော်ပွဲ ရွှင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ကရင်ဒိုးယိမ်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ငွေဆောင်ကမ်းခြေ၌ ကျင်းပမည်ဖြစ်ရာ ပထမဆုငွေကျပ် တစ်သိန်းငါးသောင်း၊ ဒုတိယဆုငွေကျပ် တစ်သိန်း၊ တတိယဆုငွေကျပ် ငါးသောင်းနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲနှင့်အတူ ဆင်အက၊ ကျားအကနှင့် ဖော်ဂျီအကများ ပါဝင်သော ပဒေသာအကများဖြင့် ဖျော်ဖြေတင်ဆက်မည့်အပြင် စားသောက်ဆိုင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသော အဖွဲ့များသည် ဖုန်း-၅၀၂၆၈၁ နှင့်၅၀၂၆၈၂တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၀၈ခုနှစ် တတိယအကြိမ်မြောက် အခြေခံပညာ ကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဗဟန်း ခရစ်ကက် လေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပသည်။

အမျိုးသားကွာတားဖိုင်နယ်ပြိုင်ပွဲတွင် အထက(၄) မင်္ဂလာတောင်ညွန့်မြို့နယ်အသင်း**(အပေါ်ပုံ)**က အထက(၁) လမ်းမတော်မြို့နယ်အသင်းကိုလည်းကောင်း၊ အထက(၄)အလုံမြို့နယ်အသင်းက အထက(၆) ဗိုလ်တထောင်မြို့နယ်အသင်းကိုလည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် အထက(၃)ကြည့်မြင်တိုင် မြို့နယ်အသင်းက အထက(၃) မင်္ဂလာတောင်ညွန့်မြို့နယ် အသင်းကိုလည်းကောင်း၊ အထက(၄) အလုံမြို့နယ်အသင်းက အထက(၃)တာမွေမြို့နယ်အသင်းကိုလည်းကောင်း အနိုင်ရရှိကြပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီတွင် အမျိုးသမီး ဆီမီးဖိုင်နယ်ပွဲအဖြစ် အထက(၄)အလုံနှင့် အထက(၁) ဗဟန်းအသင်း၊ အထက(၃) တာမွေနှင့် အထက(၃) ကြည့်မြင်တိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

## ထားဝယ်အသင်း နှစ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ထားဝယ်အသင်း (ရန်ကုန်)၏ (၈၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ Ph.D ပါရဂူဘွဲ့ရသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁၅ ရက်တွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ် ပြည့်ပြီးသည့် အသင်းဝင် အဘိုး၊ အဘွားများ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင် သား၊ သမီးများ၊ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေး ခံစားခွင့် လျှောက်ထားလိုသည့် အသင်းဝင်တို့၏ သား၊ သမီးများသည် အသင်းရုံးတွင် သတ်မှတ်လျှောက်လွှာပုံစံထုတ်ယူနိုင်သည်။ လျှောက်ထားလိုသူများ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ ဆက်သွယ် ပေးပို့နိုင်ပြီး လှူဒါန်းလိုသူများလည်း အသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(ကြေးမုံ)

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ရက်ရွှေ့ဆိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းနှင့် အလှမွေးငါးလုပ်ငန်းရှင်များအသင်းတို့၏ ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေးကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်းနှင့် နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ ကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၂၄**

၂၀၀၈ခုနှစ် ပဲခူးတိုင်း (အနောက်ပိုင်း) ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီတွင် ပြည်မြို့၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးကောလိပ်၊ သူနာပြုနှင့် သားဖွားသင်တန်းဆရာမများနှင့် သင်တန်းသူများ၊ အထက၊ အလကဆရာ၊ ဆရာမများနှင့် ပြည်သူများ စုစုပေါင်း ၄၅၀၀၀ ကျော် ပါဝင်စုပေါင်း လမ်းလျှောက်ကြသည်။ **(ဓါတ်ပုံ)**

လမ်းလျှောက်ပွဲကို ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်ရှေ့မှ ဗိုလ်ချုပ်လမ်း၊ မြောက်ဘက်စောင်းတန်းလမ်း၊ စစ်ကဲလမ်း၊ ပန်းဘဲတန်းလမ်းမှတစ်ဆင့် မြို့နယ်အားကစားကွင်းသို့ လမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ (တိုင်းပြန်/ဆက်)



# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ပင်မဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဒီဇင်ဘာ　၂၄

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၂၁ ရက်တွင် မုံရွာမြို့ရှိ 132 KV အောင်ချမ်းသာ ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး Control Room၊ Battery Room နှင့် Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တိုင်းလျှပ်စစ် အင်ဂျင်နီယာရုံး မုံရွာသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းဦးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံမှာကြား**

ယင်းနောက် ဝန်ကြီးသည် ဘဲလင်း ပင်မဓာတ်အားခွဲရုံ၊ အင်းကုန်း ပင်မဓာတ်အားခွဲရုံနှင့် သာစည်ပင်မဓာတ်အားခွဲရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ သာစည်ဓာတ်အားခွဲရုံနှင့် မဟာဓာတ်အားလိုင်းမှူးရုံးတို့မှ ဝန်ထမ်းများအားတွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကမာရွတ် အထက(၄) မြတ်ဆရာပူဇော်မည်

**ရန်ကုန်　ဒီဇင်ဘာ　၂၄**

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အထက(၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါ်ကြင်အုပ် အထက(၄) ကမာရွတ် ဖုန်း-၅၃၆၀၁၀၊ ကိုတင်မောင်မြင့် ဖုန်း-၅၃၀၈၂၉၊ မရန်ပိုဖုန်း ၅၃၇၀၅၅၊ ကိုတင်ထွန်း ဖုန်း-၀၉၅၀၀၇၀၀၄၊ ကိုမင်းသန်း ဖုန်း-၀၉၅၀၀၃၆၆၂၊ မနွဲ့ယဉ်မြင့် ဖုန်း-၅၁၁၅၉၂၊ မောင်ကောင်းဆက် ဖုန်း-၀၉၅၁၆၉၆၄၉ နှင့် မနှင်းနှင်းချော ဖုန်း-၀၉၅၁၇၈၅၁၄တို့သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။ (ကြေးမုံ)

# ကနီမြို့နယ်၌ စက်ရေတွင်းတူးဖော်ဆောင်ရွက်

**ရန်ကုန်　ဒီဇင်ဘာ　၂၄**

စစ်ကိုင်းတိုင်း ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ပျဉ်တောကျေးရွာ ကျေးလက်ရေပေးရေး စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးခင်မောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆိုင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

**ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မီးဘေးလုံခြုံရေးအတွက် ပဲခူးမြို့မ ဈေးကြီး၊ ကုန်စိမ်းသားငါးဈေးတို့တွင် မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာ ဒီဇင်ဘာ ၁၀ ရက်က တိုင်းမီးသတ်ဦးစီးမှူး ရဲသူရိန်လှမြင့်၊ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့နှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ ဇာတ်တိုက်လေ့ကျင့်စဉ်။**
(မြို့နယ်စည်ပင်)







# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ မြန်အောင်မြို့နယ် အာစရိယပူဇော်ပွဲ တက်ရောက်

**ရန်ကုန်　ဒီဇင်ဘာ　၂၄**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် ဒီဇင်ဘာ ၂၀ ရက်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်
(သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ မြန်အောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲတွင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့စဉ်။**
(စွမ်းအင်)



# အလက(၁) ဘိုကလေး မြတ်ဆရာပူဇော်မည်

**ရန်ကုန်　ဒီဇင်ဘာ　၂၄**

ဘိုကလေးမြို့ အလက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသောအသက် (၆၀) ပြည့် ဆရာကြီး၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဘိုကလေး အလက(၁) ကျောင်းဆောင်သစ်၌ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက် ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးစိန်မြိုင် ဖုန်း-၀၉-၅၀၃၇၅၅၉၊ ဦးမောင်အေး ဖုန်း-၀၉-၅၀၀၇၃၁၂ နှင့် ဦးနေဦး ဖုန်း-၀၉-၉၉၂၅၆၃၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၂-၂၀၀၈ ( ကြာသပတေးနေ့ )**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၁၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေး လူဆာ**
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း -၁၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။



**နိုင်ငံတကာ သတင်းများ**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲသွားသော နေရာတွင် အရပ်သားများ ပူဆွေးသောက ရောက်နေကြသည်ကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန်တွင် အမေရိကန် မောင်းသူမဲ့လေယာဉ် ဒုံးကျည်ဖြင့်ပစ်၍ ခုနစ်ဦးသေ

**ဒီရာအစ္စမေးလ်ခန်(ပါကစ္စတန်) ဒီဇင်ဘာ ၂၄**

အာဖဂန်နစ္စတန်နယ်စပ် အနီး ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန် ဒေသအတွင်းသို့ ဒီဇင်ဘာ ၂၂ ရက်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်များဟု သံသယရှိသော လေယာဉ်များက ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့ရာ ခုနစ်ဦးသေဆုံးကြောင်း ထောက်လှမ်းရေးဌာနမှ အရာရှိများနှင့် ဌာနေများက ပြောကြားသည်။

ဒုံးကျည်တစ်စင်းသည် ထိုဒေသ၏ အဓိကမြို့ဖြစ်သော ဝါနာအနီး ကျေးရွာတစ်ရွာမှ ကားတစ်စီးကို တိုက်ရိုက်ထိမှန်ရာ လေးဦးသေဆုံးပြီး အခြားဒုံးကျည်တစ်စင်းက အနီးအနား ကျေးရွာတစ်ရွာကို ထိမှန်ရာ သုံးဦးသေဆုံးကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအရာရှိများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**တိုးမြှင့်**

ပါကစ္စတန်နိုင်ငံက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့များသည် မောင်းသူမဲ့လေယာဉ်များဖြင့် တိုးမြှင့်တိုက်ခိုက်နေခြင်းဖြစ်သည်။



**အီရတ်တွင် ဖြစ်ပွားနေသော ဆူပူ သောင်းကျန်းမှုများကြောင့် ဒုက္ခတဘဝ ကျရောက်ရသော ကလေးငယ်တစ်ဦးကို ဆာဒါမြို့ ဆေးရုံပေါ်၌ တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်မြို့တော်အနီး စစ်ဆင်ရေးပြုလုပ် စစ်သွေးကြွခြောက်ဦးသေဆုံး၊ သုံးဦးဖမ်းမိ

**ကဘူး ဒီဇင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ ဆူရိုဘီခရိုင်တွင် ဒီဇင်ဘာ ၂၂ ရက်က တာလီဘန်စစ်သွေးကြွများအား ဖြိုခွင်းရန် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များက စစ်ဆင်ရေး ပြုလုပ်ရာ စစ်သွေးကြွ ခြောက်ဦး သေဆုံးပြီး၊ သုံးဦး ဖမ်းဆီးရမိကြောင်း နိုင်ငံစုံတပ်ဖွဲ့က ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကဘူးမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာရှိ ဆူရိုဘီခရိုင်တွင် တာလီဘန်စစ်သွေးကြွများကို ပစ်မှတ်ထား၍ စစ်ဆင်ရေး ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ယင်းစစ်ဆင်ရေးအတွင်း နိုင်ငံစုံတပ်ဖွဲ့က အေကေ-၄၇ အပါအဝင် လက်နက်မျိုးစုံနှင့် အခြားစစ်လက်နက်ပစ္စည်းများကို ရှာဖွေတွေ့ရှိပြီး ဖျက်ဆီးခဲ့ကြောင်း ယင်းတပ်ဖွဲ့က ပြောကြားသည်။ ***အင်တာနက်။***

# အာဖဂန်နစ္စတန်၌ အသေခံဗုံးဖြင့် တိုက်ခိုက်၊ သုံးဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဂါဇာနီပြည်နယ်တွင် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက အစိုးရပိုင်ဟိုတယ်နှင့် ပြည်နယ်ဆိုင်ရာယဉ်ကျေးမှုဦးစီးဌာနအကြား၌ အသေခံဗုံးဖောက်ခွဲမှုကြောင့် အရပ်သားသုံးဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**တိုက်ခိုက်လျက်ရှိ**

နိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ အာဖဂန်အစိုးရနှင့် နိုင်ငံစုံတပ်ဖွဲ့များအား တာလီဘန်စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်လျက်ရှိသည်။

အဆိုပါတိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။
***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ၊ ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၄**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ဒီဇင်ဘာ၂၃ ရက် နံနက်ပိုင်းက ရဲချုပ်ယာဉ်တန်းအား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ရာ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ဘဂ္ဂဒက်မြို့ မြောက်ဘက်ကီလိုမီတာ ၄၀အကွာရှိ တာမီရာ့ချ်မြို့တွင် ရဲချုပ်ယာဉ်တန်းအား လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခြင်းခံရကြောင်း အမည်မဖော်လိုသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ***အင်တာနက်။***

# အင်ဒိုနီးရှားနှင့် မလေးရှား လုံခြုံရေးစာချုပ် လက်မှတ်ရေးထိုး

**ဂျကာတာ ဒီဇင်ဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် နယ်စပ်ဒေသများတွင် ပူးပေါင်းကြီးကြပ်ကွပ်ကဲရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြကြောင်း တနင်္လာနေ့တွင် အင်ဒိုနီးရှားသတင်းစာတစ်စောင်က ဖော်ပြသည်။

တရားမဝင်သစ်ခုတ်ခြင်း၊ လူကုန်ကူးခြင်းနှင့် အကြမ်းဖက်ခြင်းများကြောင့် နှစ်နိုင်ငံအကြား တင်းမာမှုများကို အဆိုပါစာချုပ်အား လက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် လျော့ပါးသွားစေမည်ဟု မျှော်လင့်ရကြောင်း ဂျကာတာပို့စ်က ရေးသားသည်။ ထိုစာချုပ်အား အင်ဒိုနီးရှားနိုင်ငံဘက်မှ အနောက်ကာလီမင်တန်စစ်ဌာနချုပ်နှင့် မလေးရှားနိုင်ငံဘက်မှ စစ်ဘက်တို့က တာဝန်ယူလက်မှတ်ရေးထိုးကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ အဝေးပြေးလမ်းမပေါ်တွင် ခြံုခိုတိုက်ခိုက်ခံရသော အမေရိကန်ယာဉ်တန်းကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတကာသတင်းမှတ်စု

## အီရန်နှင့် မလေးရှား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူ

အီရန်နှင့် မလေးရှားနိုင်ငံတို့က ဒီဇင်ဘာ ၂၃ ရက်တွင် သိပ္ပံဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း အီရန်သတင်းဌာနက ဖော်ပြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲသို့ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျတ်နှင့် အလည်အပတ်ရောက်ရှိနေသော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီတို့လည်း တက်ရောက်ကြသည်။ လွန်ခဲ့သောတနင်္ဂနွေနေ့က တီဟီရန်မြို့သို့ ဘာဒါဝီဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် သုံးရက်ကြာ အလည်အပတ် ရောက်ရှိခဲ့သည်။

## ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆောင်းဦးရာသီအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် တာဝန်ရှိသူများက ခရိုင်ငါးခုအတွင်း ကြက်ကောင်ရေ ၁၀၀၀၀နီးပါး ရှင်းလင်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုလအတွင်း နာတိုရီ၊ ဂါဇီပူရာ၊ နာဆင်ဂဒီ၊ ရိုင်ဘင်ဒါနှင့် ကူရီဂရမ်ခရိုင်များရှိ ငှက်ကောင်ရေ ၉၉၅၀ ခန့်ကို ရှင်းလင်းခဲ့ကြကြောင်း ၎င်းတို့က ပြောကြားသည်။

## ဗီယက်နမ်၌ ကျောင်းသား ၄၀၀ ခန့် အစာအဆိပ်သင့်

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့ မူလတန်းကျောင်းရှိ ကျောင်းသား ၄၀၀ ခန့် အစာအဆိပ်သင့်မှုကြောင့် ဆေးရုံတင်ရကြောင်း၊ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်း၌ ကင်းမွန်၊ ဂေါ်ဖီဟင်းချို၊ ကိတ်မုန့်နှင့်နို့ စားသောက်ပြီးနောက် ယင်းနေ့ညနေပိုင်းတွင် ဗိုက်နာပြီး အော့အန်မှု ဖြစ်ပွားလာခြင်းကြောင့် ဆေးရုံသို့တင်ပို့ရကြောင်း အင်္ဂါနေ့ထုတ် ဗီယက်နမ်လူငယ် သတင်းစာက ဖော်ပြသည်။

## အီဂျစ်၌ ဘတ်စ်ကားတိမ်းမှောက်၊ ရုရှားခြောက်ဦး သေဆုံး

အီဂျစ်နိုင်ငံ ဆိုင်နိုင်ကျွန်းဆွယ်အတွင်း အပန်းဖြေစခန်းနှစ်ခုအနီး၌ ဒီဇင်ဘာ ၂၂ ရက်က ကမ္ဘာလှည့်ခရီးသည်ဘတ်စ်ကား တိမ်းမှောက်မှုကြောင့် ရုရှားခရီးသည်ခြောက်ဦး သေဆုံးပြီး၊ ၁၇ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဘတ်စ်ကားသည် အရှေ့ဘက်ကမ်းရိုးတန်းရှိ ဒါဟတ်ဒေသမှ တောင်ဘက်ဖျားရှိ ရှာမာအယ်လ်ရှိတ်ဒေသသို့ ထွက်ခွာလာစဉ် ဒါဟန်ဒေသ တောင်ဘက် ၁၀ ကီလိုမီတာခန့်၌ တိမ်းမှောက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အောက်ပုံ)**



## အစ္စတန်ဘူလ်မြို့ဝန်းကျင်၌ အကြမ်းဖက်သူငါးဦး ဖမ်းမိ

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ဝန်းကျင်နေရာ ၁၉ ခု၌ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပါဝင်ပတ်သက်သူငါးဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း တနင်္လာနေ့တွင် အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ အစ္စတန်ဘူလ်မြို့ဝန်းကျင် ခရိုင်များနှင့် ကာဒီကေခရိုင်၌ စစ်ဆင်ရေးပြုလုပ်ပြီး ဖမ်းဆီးရမိကြောင်း၊ ဖမ်းဆီးရမိသူများအား ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းလျက်ရှိပြီး အသေးစိတ်အကြောင်းအရာကို ပြောကြားခြင်း မရှိကြောင်း သိရသည်။

## တရုတ်(တိုင်ပေ)၌ ငလျင်လှုပ်

တရုတ် (တိုင်ပေ) အနောက်တောင်ဘက် ကိုးဆောင်စီရင်စုတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်သွားကြောင်း တရုတ်ငလျင်ဌာနက တိုင်းတာရရှိသည်။ အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၀ ဒသမ ၆ ဒီဂရီ၌ ဗဟိုပြုလှုပ်သွားကြောင်း၊ သို့သော် သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုကို ဖော်ပြခြင်းမရှိကြောင်း သိရသည်။

**စုစည်းရေးသားသူ-စိုးစိုးနိုင်**



✪ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

လယ်သမားအတွက် စွန့်ပစ်ပစ္စည်းဆိုတာ ဘာမှကို မရှိတော့တဲ့ သဘောဘဲမဟုတ်လား။ သူရဲ့စနစ်ကိုက သွင်းအားစုများနဲ့ စွန့်ပစ်ပစ္စည်းများဆိုတဲ့ မတူတဲ့ ကဏ္ဍနှစ်ရပ်ကို အပြန်အလှန် ပံ့ပိုးထောက်ကူ ချိတ်ဆက်နေအောင် ဆောင်ရွက်ရတဲ့သဘောပဲ။ ဒီတော့ ဒီစနစ်မှာပါဝင်တဲ့ သီးနှံပင်တွေ၊ တိရစ္ဆာန်တွေ၊ စိုက်ပျိုးမြေတွေ၊ စိုက်ပျိုးရေတွေအားလုံးဟာ ဘက်ပေါင်းစုံပြန်ပြီး အသုံးပြုနိုင်အောင် စီမံထားတယ်လို့ ဆိုနိုင်တယ်ဗျ။

အေး ။ ။ ကျုပ်လည်း ခင်ဗျားရှင်းပြသမျှ ကြိုးစားပြီး နားထောင်တာပါပဲ။ ဒါပေမယ့် အခုထက်ထိတော့ ဇာတ်ရည် မလည်သေးဘူးဗျ။

သာ ။ ။ ကျွန်တော်လည်း အတူတူပါပဲဗျာ။ သိပ်ပြီး သဘောမပေါက်နိုင်သေးဘူး ဖြစ်နေတယ်။

တိုး ။ ။ ကျွန်တော်ကတော့ အရင်တစ်ခေါက်ကတည်းက ကိုကြီးကျော်နဲ့ ဆွေးနွေးပြီးသားဆိုတော့ အခုပြောသမျှကို လက်ခံနိုင်ပါတယ်။ ဦးကြီးအေးနဲ့ ကိုသာယာတို့လည်း တဖြည်းဖြည်းနဲ့ ဇာတ်ရည်လည်လာမှာပါ။

ကျော် ။ ။ ဟုတ်ပါတယ်ဗျာ။ ပြောရင်းပြောရင်းနဲ့ ရှင်းလာမှာပါ။ မရှင်းသေးရင်လည်း ဟောဒီအကွက်ချမြေပုံကလေးကို ကြည့်ကြပါဦး။ ဒါက စုစုပေါင်းမြေဧရိယာ ငါးဧကပေါ်မှာ နေရာချထားတဲ့ ဗီယက်နမ်လယ်သမားတွေရဲ့ Integrated Farming အကွက်ချပုံကလေးပါ။

အေး ။ ။ ကဲ. . . ဟုတ်ပါပြီ၊ ဒီလိုပုံနဲ့ ဘာနဲ့ဆိုတော့ ပိုပြီးရှင်းတာပေ့ါ။ ဆက်ပါဦးဗျာ။

ကျော် ။ ။ ပုံကလေးကို သေချာလေ့လာကြည့်ရင် ကွက်ကွက်ကွင်းကွင်း မြင်လာမှာပါ။ ကဲ. . . ပုံကလေးကို အသေအချာ ကြည့်ကြပါဦး။

ကျွန်တော်ပြတဲ့ ပုံကလေးကို ရွာသားအားလုံး အသေအချာကို ကြည့်ကြပါတယ်။ အထပ်ထပ်အခါခါ မှတ်မိအောင်လည်း လေ့လာကြပါတယ်။ ပုံကလေးက စုစုပေါင်း မြေ ငါးဧကပေါ်မှာ အိမ်၊ အစာဂိုဒေါင်၊ မှိုစိုက်ခြံ၊ နွားခြံ၊ ဝက်ခြံ၊ ဘဲခြံ၊ ဆိတ်ခြံ၊ တီမွေးကန်၊ ဇီဝဓာတ်ငွေ့ထုတ်ကန်၊ နွားစားကျက် မြက်ခင်း၊ တီလားပီးယား ငါးမွေးကန်၊ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ လယ်ကွင်းစသဖြင့် စနစ်တကျ ဖွဲ့စည်းနေရာချထားတဲ့ အကွက်ချပုံကလေးပါပဲ။

*ဆက်လက်ဖော်ပြပါမည်။*

ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး (INTEGRATED FARMING) အကွက်ချပုံစံ




အိမ် 30' x 30'
အစာဂိုဒေါင် 30' x 24'
မှိုခြံ 30' x 12'
နွားခြံ 20' x 55'
ဝက်ခြံ 20' x 25'
ဇီဝဓာတ်ငွေ့ထုတ်ကန် 30' x 45'
ဘဲခြံ 20' x 25'

နွားစာမြက်ခင်း 35' x 85'
တီလားပီးယားကန် 110' x 50'
ဆိတ်ခြံ 35' x 30'
တီကန် 15' x 45'
ဟင်းသီးဟင်းရွက် စိုက်ခင်း ၁ ဧက
လယ်ကွင်း ၃.၈ ဧက

စုစုပေါင်းမြေဧရိယာ (၅ ဧက) ပေါ်တွင်နေရာချထားပါသည်။

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၂-၂၀၀၈ (ကြာသပတေးနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “ဘ၀ကောင်းကြောင်းလေးပါး”တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင် ဉာဏိဿရ) |
| ၈း၀၅ - ၂း၀၅ | အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်မြို့) ၂၀၀၈ခုနှစ်၊ တတိယအကြိမ်ပန်းပွဲတော် |
| ၈း၂၅ - ၂း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ - ၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၅ - ၂း၅၅ | များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့ |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | မိခင်နှင့်ကလေးအာဟာရ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်) |
| ၉း၅၅ - ၃း၅၅ | Shooting Ticket (MEXICO'S ရုပ်ရှင်လုပ်ငန်းနှင့် ဒါရိုက်တာများအကြောင်း) |
| ၁၀း၀၅ - ၄း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ - ၄း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ - ၄း၁၅ | ရေမြင့်ကြာတင့် (ခန့်စည်သူ၊ရော၊ငှက်ပျောကြော်၊ထင်ပေါ်၊မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၀း၃၅ - ၄း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၀ - ၄း၄၀ | Yangon Panorama (Kaung Thu Kha Trading Co., Ltd. ဖွင့်ပွဲအခမ်းအနား) |
| ၁၀း၅၅ - ၄း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၅ - ၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ - ၅း၁၀ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ရူပါရွှေနှင့်တွေ့ဆုံခြင်း) |
| ၁၁း၅၅ - ၅း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ - ၆း၀၀ | ဂီတသံစဉ်အလှဆင် (နီနီဝင်းရွှေ) |
| ၁၂း၂၅ - ၆း၂၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၂း၄၅ - ၆း၄၅ | တေးဂီတအစီအစဉ် |
| ၁၂း၅၀ - ၆း၅၀ | Activities In The City (ကွမ်းခြံကုန်းမြို့မဈေးဖွင့်ပွဲ) |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဒလမြို့နယ် မြို့မ(၁)ရပ်ကွက် အလင်းရောင်စာကြည့်တိုက် ပြန်လည်ထူထောင်ခြင်းအထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ မြို့မ(၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်တို့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းနိုင်က ကျပ် ၅၀၊ စက်တပ်ရေယာဉ်ဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် အမက(၅) ကျောင်းအုပ်ကြီးဦးမြင့်လွင်တို့က စာအုပ်များလှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)




# ဥတုရာသီ တောကိုမှီ၍

# အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သစ်တောပညာဌာနတွင် ပညာဆည်းပူးခဲ့သော သိပ္ပံ(သစ်တော)ဘွဲ့ရကျောင်းသား ဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (I.B.C) ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်ကျော်လွင် ဖုန်း-၀၆၇-၄၀၅၀၁၅၊ ဦးကျော်ဆွေ ဖုန်း-၀၁-၆၈၁၉၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)





## မီးဖိုချောင်သီးနှံ စိုက်ပျိုး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ် စံပြကျေးရွာတွင် မီးဖိုချောင်သီးနှံများ စိုက်ပျိုးထားမှုကို ကြည့်ရှုစဉ်။**

(သတင်းစဉ်)

**ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ် စံပြကျေးရွာတွင် ကျေးရွာနေ ပြည်သူများအတွက် ဖွင့်လှစ်ပေးထားသော စာကြည့်တိုက်ကို တွေ့ရစဉ်။**

(သတင်းစဉ်)



ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ Cyclone Shelter များ တည်ဆောက်ရေး၊ မုန်တိုင်းဒဏ်သင့်ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို စေတနာရှိရှိ၊ ရည်မှန်းချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်ရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု ထင်းပုံဆိပ် စံပြကျေးရွာသို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု ထင်းပုံဆိပ် စံပြကျေးရွာ ပြန်လည်ထူထောင်ပြီး ကျေးရွာနေ ပြည်သူများအတွက် လူနေအိမ်ရာများ တည်ဆောက်၍ စနစ်တကျ နေထိုင်စားသောက်နေမှုများကို လည်းကောင်း၊ ဦးစက်ာပူ၏နေအိမ်တွင် သဘာဝစွန့်ပစ်ပစ္စည်းမှ အိမ်သုံး ဇီဝဓာတ်ငွေ့ ထုတ်လုပ်၍ ဇီဝဓာတ်ငွေ့သုံး မီးလုံး၊ မီးဖို၊ ထမင်းပေါင်းအိုးများ အသုံးပြုနေမှုများကိုလည်းကောင်း၊ ကန်စွန်း၊ ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ မုန်လာ စသည့် မီးဖိုချောင်သီးနှံများနှင့် သရက်၊ ကွမ်းသီး၊ အုန်း၊ ငရုတ်ကောင်း စိုက်ပျိုးထားမှုများကိုလည်းကောင်း ကြည့်ရှုပြီး ထင်းပုံဆိပ် စံပြကျေးရွာနေ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

### ကွမ်းခြံကုန်းမြို့နယ် ပြန်လည်ထူထောင်ရေး

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ကွမ်းခြံကုန်းမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်နေသည့် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ပြန်လည်နေရာချထားပေးနိုင်မှု၊ လူနေအိမ်ရာများ ဆောက်လုပ်၍ နေရာချထားမှု၊ အလှူရှင်များ၊ လုပ်ငန်းရှင်များ၏ ပံ့ပိုးအထောက်အကူပြုမှုဖြင့် ကျေးရွာများထူထောင်နေမှု၊ စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးပေးခန်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ကွမ်းခြံကုန်းဈေးသစ် တည်ဆောက်ပြီးစီးမှု၊ မိုးစပါးအပြည့်အဝစိုက်ပျိုးပြီးစီးမှု၊ အကျိုးတူလယ်ယာလုပ်ငန်း ဆောင်ရွက်အောင်မြင်မှု၊ နွေစပါး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ထားမှု စသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### မှာကြားလမ်းညွှန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ကျေးလက်ပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် မီးဖိုချောင်သီးနှံများ စနစ်တကျစိုက်ပျိုးရေး၊ အိမ်တွင်းလက်မှုလုပ်ငန်းပညာများ သင်ကြားပေးရေး၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုသဘောမျိုး ထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းရေး၊ မြို့နယ်အတွင်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လမ်းကွန်ရက် ဖောက်လုပ်ထူထောင်ရေးတို့အတွက် ရှင်းလင်းမှာကြား လမ်းညွှန်သည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ရေသန့်စက်ရုံ၊ ရေဝေကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်၍ ထင်းပုံဆိပ်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

### မြို့ဖွံ့ဖြိုးမှုကြည့်ရှု

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြပြီး ကွမ်းခြံကုန်းမြို့နှင့် မြို့မဈေးကြီး၊ ဌာနဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

### အပြည့်အဝပြန်လည်ထူထောင်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကျိုက်လတ်၊ ဒေးဒရဲနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ ရောက်ရှိစဉ် ဒေသတာဝန်ခံများနှင့် ဒေသခံပြည်သူများအား လမ်းညွှန်မှာကြားရာတွင် မုန်တိုင်းဒဏ် ခံစားခဲ့ရသော ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း စသည့် မြို့နယ်များကို ပြန်လည်ထူထောင်ရာ၌ စိုက်ပျိုးရေးလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများကို အမြန် အပြည့်အဝ ပြန်လည်ထူထောင်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ယင်းမြို့နယ်များ၌ စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ မြို့နယ်အလိုက် တာဝန်ပေးထားသော စီမံကိန်းရည်မှန်းချက်များအတိုင်း သီးနှံများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း၊ အထွက်နှုန်းတိုးတက်ရေး၊ သီးနှံအလေအလွင့် နည်းပါးရေးကိုလည်း အလေးဂရုပြုသွားကြရန်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ရာ၌ အဓိကကျသည့် စီးပွားရေးကဏ္ဍကို အမြန် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရုံသာမက ယခင်က တည်ရှိခဲ့သော မူလအခြေအနေထက် ပိုမိုတိုးတက်သောအခြေအနေသစ်သို့ ရောက်ရှိအောင် ဖော်ဆောင်ဖန်တီးပေးရန် လိုအပ်ကြောင်း။

### အားပေးဆောင်ရွက်

ထို့ကြောင့် ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ အပြည့်အဝ ပြန်လည်ထူထောင်ရေး၊ အခြေခံစားစရာ ဆန်၊ ဆီ ခိုင်မာစွာ ဖူလုံရေးတို့ကိုသာမက မီးဖိုချောင်သီးနှံမျိုးစုံကို အိမ်ထောင်စုအလိုက် တစ်ပိုင်တစ်နိုင် စနစ်တကျစိုက်ပျိုးရေးကိုလည်း အားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ဝင်ငွေရရှိနိုင်သော အခြားအိမ်တွင်းလက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တတ်လာအောင် သင်ကြားပေးရန်ဖြစ်ကြောင်း။

ယင်းအိမ်ထောင်စုအလိုက် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အခါ မိသားစုဝင်ငွေတိုးပွားရေးအတွက်သာမက ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြု တွက်ချက်ရရှိနိုင်ရန် စီမံကိန်းဝင်စာရင်းဇယားမျိုး ပြုစုထားရှိသင့်ကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုသဘောမျိုးဖြစ်လာအောင် ရည်မှန်းချက်ထားပြီး အားပေးကူညီစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်း၊ သို့မှသာ လူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်လာပြီး ကျေးလက်ပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံလုံခြုံလာနိုင်မှာဖြစ်ကြောင်း။

### လမ်းကွန်ရက်များထူထောင်

တစ်ပြိုင်တည်းမှာပင် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ဆက်လမ်းများကို ဖောက်လုပ်၍ မြို့နယ်အတွင်း လမ်းကွန်ရက်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စီမံချက်ချပြီး ထူထောင်သွားကြရန်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ မြို့နယ်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာရေးကို အထောက်အကူပြုမှာဖြစ်ပြီး ကျေးလက်နှင့်မြို့ တစ်ဆက်တစ်စပ်တည်း မျှတစွာ ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ကြောင်း၊ သွားရေးလာရေးအတွက် ဖောက်လုပ်ထားသော လမ်းများသည် ပင်လယ်ပိုင်းနှင့် နီးစပ်သော ကျေးလက်များအတွက် အရေးကြုံလာပါက ခိုလှုံရာ တာပေါင်များအဖြစ်လည်း အသုံးပြုလာနိုင်ကြောင်း။

ယင်းသို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ဘက်စုံမှ ဖွံ့ဖြိုးလာအောင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ပြီးစီးပါက မုန်တိုင်းဒဏ်သင့် ဤဒေသများသည် ယခင်အခြေအနေများနှင့်မတူတော့ဘဲ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

## ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

**ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ၁၉၈၂ မှ ၁၉၈၈(၉၁) ပညာသင်နှစ် ဥပဒေတွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ညှိနှိုင်းအစည်းကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီက Grand Mee Ya Hta Executive Residences TOKYO စားသောက်ဆိုင်ခန်းမ၌ ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေက အမှာစကားပြောကြားသည်။**

အဆိုပါအာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဥက္ကဋ္ဌ ဦးဘတင့်ဆွေ ဖုန်း-၇၂၂၄၇၄၊ အတွင်းရေးမှူး ဦးခင်မောင်မြင့် ဖုန်း-၃၈၉၆၅၁(ရုံး)၊ ဒေါ်တင်တင်ဝါ(မန္တလေး) ဖုန်း-၀၉-၅၀-၁၈၇၄၀၊ ဒေါက်တာတင်ဌေးအိ ဖုန်း-၀၉-၅၀-၀၉၀၃၉၊ ဦးလှဝင်း(နေပြည်တော်ပျဉ်းမနား) ဖုန်း-၀၆၇-၂၂၀၆၂၊ ဦးသောင်းနိုင် (တောင်ကြီး) ဖုန်း-၀၃၄-၃၂၀၉၆၊ ဒေါက်တာခင်ချစ်ချစ် (တောင်ငူ) ဖုန်း-၀၉-၅၃-၅၀၉၅၈၊ ဦးဝင်းဦး (တောင်ကြီး) ဖုန်း-၀၈၁-၂၂၈၆၇၊ ဦးစိုးလွင်(ပဲခူး) ဖုန်း-၀၉-၅၃-၀၀၅၄၆၊ ဒေါ်သဇင်စိုး (သထုံနှင့်မော်လမြိုင်) ဖုန်း-၀၅၇-၄၀၀၁၉၊ ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁-၁၃၈၃၃၊ ဒေါ်တင်တင်သက် ဖုန်း-၆၄၄၇၃၅၊ ဦးအောင်မြင့်(ပုသိမ်) ဖုန်း-၀၄၂-၂၄၃၈၁ နှင့် ဦးဝင်းရွှေ(ပြည်) ဖုန်း-၀၅၃-၂၁၄၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၁၂-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၂၀ ၇။ **“အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ” (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ကောင်းချာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
- ၈း၂၅ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၅၀ ၁၀။ Local Talent
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄း၂၀ ၃။ နားဝင်ပီယံသူ့လက်သံ
- ၄း၃၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ **“အေးမြသောလေညင်းလေးများ” (မေတ္တာ၊ ဇေယျ၊ စိုးမိုးကြည်၊ဖူးဖူးမောင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
- ၅း၂၀ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ ထူးဆန်းထွေလာများကိုသိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၃။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကုန်သွယ်မုန်တိုင်း” (အပိုင်း-၃၇)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပင်လယ်ပျော်မင်းသား” (အပိုင်း-၅၇)**
- ၁၉။ အစီအစဉ်ပြီး၏။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ✡ ကျောဖုံးမှ

အမျိုးသားသယံဇာတဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ရုံးချုပ်သို့ စိုက်ခင်းများလေ့လာရန်အတွက် သွားရောက်ခဲ့ရာ အမျိုးသား သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးစိန်လွင်နှင့် တွေ့ဆုံခဲ့ရသည်။

"ကျွန်တော်တို့ ကုမ္ပဏီကို သစ်အခြေခံစက်မှုလုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်ကိုးဦးနဲ့ စတင်ပြီး ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘေးများ လက်ထက်က သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလို့ ဒီနေ့ ကျွန်တော်တို့ ဒီအသီးအပွင့်တွေကို ခံစားနေရသလို နောင်မျိုးဆက်တွေအတွက် အမွေပေးထားဖို့ လိုအပ်မယ်လို့ ယုံကြည်ကြလို့ ဒီလို ကျွန်းစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခြင်းဖြစ်ပါတယ်"ဟု ဦးစိန်လွင်က ဦးစွာရှင်းပြသည်။

ဆက်လက်၍ကျွန်းစိုက်ခင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသော စီမံကိန်း ဒါရိုက်တာ ဦးဇော်ဝင်းက လုပ်ငန်းလျာထားချက်များနှင့် ပတ်သက်၍ "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ဖန်ခါးပင်ကြိုးဝိုင်းမှာ ဧက ၅၀၀၊ ပဲခူးတိုင်း(အရှေ့ပိုင်း) ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းမှာ ဧက ၁၀၅၀၀ နဲ့ ပဲခူးတိုင်း (အရှေ့) ရေတာရှည်မြို့နယ် ရိုးမကြိုးပြင် ကာကွယ်တော အကွက်(၁၃)မှာ ဧက ၉၀၀၀ စုစုပေါင်းဧက ၂၀၀၀၀ကို ကိုးနှစ် စီမံကိန်းဖြင့် စိုက်ရန် လျာထားခဲ့ပြီး ယခင်နှစ်မိုးက ဖန်ခါးပင်ကြိုးဝိုင်းမှာ ဧက ၃၀၀ စိုက်ပျိုးခဲ့ပါတယ်။ ယခုလာမယ့်မိုးမှာ ဖန်ခါးပင်ကြိုးဝိုင်းမှာ နောက်ထပ်ဧက ၂၀၀နဲ့ အိုင်တုံကွန်းကြိုးဝိုင်းမှာဧက ၈၀၀စိုက်ရန် လျာထားဆောင်ရွက်နေပါတယ်။ ယခုအချိန်မှာ စိုက်မည့်မြေနေရာ ရွေးချယ်ခြင်း၊ တောင်ယာတိုင်းတာခြင်း၊ တောင်ယာများ ခွဲဝေခြင်း၊ ပျိုးထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်"ဟုရှင်းလင်းပြောကြားသည်။

ဦးဇော်ဝင်းကပင်ဆက်၍ ပြီးခဲ့တဲ့နှစ်ကဧက၃၀၀စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်မှု ရရှိခဲ့ကြသဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သူများ ဝမ်းသာပီတိခံစားရပါကြောင်း အားပါးတရ ပြောကြားပြီး မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းများကို ပြသသည်။

သတင်းအဖွဲ့အား ဦးဇော်ဝင်းက ကျွန်းစိုက်ခင်း လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးသည်။

ရန်ကုန်မှ ဒီဇင်ဘာ ၁ရက် နံနက် ၄နာရီတွင် ကားဖြင့် ပြည်မြို့သို့ ထွက်ခွာလာခဲ့ကြသည်။ ပြည်မြို့ အဝင်တွင်သစ်တောဦးစီးဌာန၏သက်ရင့်ကျွန်းစိုက်ခင်းကြီးကို ရှုမောဖွယ်ရာ တွေ့မြင်လိုက်ရသည်။

မြန်မာနိုင်ငံ၏ အစောဆုံး ကျွန်းစိုက်ခင်းကို ပလက်ဝတွင်သက္ကရာဇ် ၁၆၀၀ ခန့်က စိုက်ခဲ့ဖူးကြောင်း အထောက်အထားများအရ တွေ့ရကြောင်း၊ ကျွန်းစိုက်ခင်းများကို ၁၈၅၆ ခုနှစ်လောက်က စနစ်တကျ စတင်စိုက်ခဲ့ပြီး ၁၉၈၀ ခန့်ကစ၍ ကျွန်းစိုက်ခင်းများကို သစ်တောဦးစီးဌာနက ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ကြောင်း၊ တစ်ဖန် ကျွန်းအထူးစိုက်ခင်းများကို ၁၉၉၈ခုနှစ်လောက်က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများကို၂၀၀၅ ခုနှစ်က စတင်ခွင့်ပြုခဲ့ကြောင်း၊ ယခုနှစ်အထိ ၂၀၅၁၅ ဧက ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်း စိုက်ပြီးဧက ၆၀၆၅ဧက ရှိပြီဖြစ်ကြောင်း၊ ယခုနှစ် နောက်ပိုင်းတွင် ကျွန်းစိုက်ခင်း တည်ထောင်ရန် အဆိုပြုသူ၊ စိတ်ဝင်စားသူ ပိုမိုများပြားလာတာ တွေ့ရကြောင်း၊ မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ ပုဂ္ဂလိက ကျွန်းစိုက်ပျိုးလုပ်ကိုင်သူများကို နည်းပညာများပေးခြင်း၊ကူညီပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ သစ်လုပ်ငန်းရှင်အသင်းမှလည်း ကျွန်းစိုက်လိုသူများအား အကြံဉာဏ်အကူအညီများ ပေးလျက်ရှိကြောင်း စီမံကိန်း ဒါရိုက်တာ ဦးဇော်ဝင်းက ပြောကြားသည်။

ပြည်မှတစ်ဆင့် ဧရာဝတီမြစ်ကြီးကို နဝဒေးတံတားမှ ဖြတ်ကျော်ပြီး ပုသိမ်-မုံရွာအမြန်လမ်းမကြီးအတိုင်း မြောက်ဘက်သို့ ရှစ်မိုင်ကားဖြင့် ဆက်လက်ထွက်ခွာလာရာမြေဝါကုန်းကျေးရွာသို့ ၁၀နာရီခွဲတွင် ရောက်ရှိခဲ့သည်။ မြေဝါကုန်းရွာမှ တစ်ဆင့် ကုမ္ပဏီကဖောက်လုပ်ထားသည့်တောင်ကုန်းဆင်းတက်လမ်းတောလမ်းအတိုင်း ခရီးသုံးမိုင်ခန့် ဝင်ရောက်ခဲ့ကြသည်။

စိုက်ခင်းအဝင်တွင် မန်နေဂျာ ဦးသိန်းထွန်းဦး၊စိုက်ကွက်လက်ထောက် ဦးစောဂေး၊ ဦးကျော်မျိုးနိုင်တို့နှင့် အတူ စိုက်ခင်းအတွင်း ရောက်သည့်အချိန်တွင် စိမ်းညိုနေသည့် အရွက်ဖားဖား ကျွန်းပင်များကို အစီအရီ တွေ့မြင်လိုက်သည်နှင့် ကြည်နူးဝမ်းသာမှုများ ဖြစ်ပေါ်ခံစားမိကြသည်။ ယင်းနောက် ဝန်ထမ်းများက တစ်တန်းချင်း အပင်ရှင်သန်မှုရာနှုန်း (Survival percentage) စာရင်းကောက်ယူတွက်ချက်ရာ ၉၅ရာခိုင်နှုန်းခန့်ရှင်သန်မှုရှိကြောင်းတွေ့ရသည်။

စိုက်ကွက်လက်ထောက်ဦးစောဂေးကလည်း စာရေးသူတို့အား ယခုလိုရှင်းပြသည်။ "ကျွန်တော်တို့ ကျွန်းစိုက်ခင်းအတွက် မြေနေရာရွေးတဲ့အခါမှာ တန်ဖိုးရှိ အပင်များလည်း မပေါက်ရောက်တဲ့ ကျွန်းလည်းစိုက်လို့ဖြစ်နိုင်မယ့် နေရာတွေကို ရွေးကြရပါတယ်။ ပန်းတောင်းမြို့နယ် အနေဖြင့် မိုးရေချိန် ၄၀ လက်မခန့်သာ ရွာသွန်းသဖြင့် သဘာဝအရ အပင်ကြီးထွားမှု အခြားဒေသနှင့် နှိုင်းစာလျှင် အနည်းငယ် နှေးကွေးပါသည်။ သို့သော် ကျွန်းသစ်ရဲ့ အရည်အသွေးကောင်းတဲ့ ဒေသဖြစ်လို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ရွေးချယ်တဲ့မြေဟာ ယခင်က တောင်ယာဖုန်းဆိုးတောမြေများ ဖြစ်တာကြောင့် မြေအနည်းငယ်ကျစ်တတ်သဖြင့် အချို့နေရာများတွင်ကျင်းစနစ်၊အချို့နေရာများမှာ ထွန်ယက်စနစ်ဖြင့် ဆောင်ရွက်ပြီး အပင်ကြီးထွားဖို့အတွက် ဇီဝဓာတ်မြေကြဇာနဲ့ ဓာတုဗေဒဓာတ်မြေဩဇာများကို မျှတအောင် ကျွေးမွေးခဲ့တာ ခုလိုအပင်များဟာ ပုံမှန်ထက်ရှင်သန်ကြီးထွားတာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

စာရေးသူတို့ရောက်ခဲ့သည့် နေရာများတွင် ကျွန်းနှင့်ပဲအမျိုးမျိုးရောနှော စိုက်ပျိုးထားသည်ကို တွေ့ရသည်။ မြေချစိုက်ပြီး ကျွန်းပင်က ငါးလသားအရွယ် အပင်ပျမ်းမျှအမြင့် လေးပေခန့်ရှိပြီး ပင်စည်အလုံးမှာလည်း ထွားကြိုင် သန်မာသည်။ အချို့အပင်များမှာ ခြောက်ပေကျော် ခုနစ်ပေနီးပါး သန်မာနေသည်ကို တွေ့ရှိရသည်။

"ကျွန်တော်တို့ ဒေသခံ လက်လုပ်လက်စား တောင်သူများကိုစည်းရုံးပြီး စိုက်ခင်းမှာ ကျွန်းပင်များအကြားတွင် ပဲအမျိုးမျိုးစိုက်စေပြီး မြေနေရာချပေးပါတယ်။ စိုက်ခင်းလုပ်ငန်းများမှာလည်း ဝင်ရောက်လုပ်ကိုင်စေပြီး လုပ်အားခငွေများကိုလည်း ပေးပါတယ်။ ကြားသီးနှံများကို စိုက်သည့် တောင်ယာသမားများ အပြည့်အဝခံစားခွင့် ပေးထားပါတယ်။ ဒါကြောင့် ဒေသခံလက်လုပ်လက်စား တောင်သူများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားရေးလည်း တိုးတက်လာပါတယ်"ဟု စိုက်ကွက်လက်ထောက် ဦးကျော်မျိုးနိုင်က ရှင်းပြသည်။

ဒေသခံတောင်သူ ဦးသိန်းတန်ကသူ၏ ခံစားချက်ကို ပြောကြားရာတွင် "ခုလို ပုဂ္ဂလိက ကျွန်းစိုက်ခင်းတွေပေါ်လာတော့ ကျွန်တော်တို့ ဒေသခံပြည်သူတွေအနေနဲ့ ဝင်ငွေပိုမိုရရှိလာပါတယ်။ ကုမ္ပဏီမှ တောင်ယာခုတ်ခြင်း၊ ကျွန်းခွေခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း လုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်ရလို့ ဝင်ငွေရရှိတဲ့အပြင် ကျွန်းပင်ကြားမှာ ပဲအမျိုးမျိုးစိုက်ပျိုးနိုင်လို့ သီးနှံများမှလည်း ဝင်ငွေရရှိပါတယ်။ ဒါ့အပြင် ကုမ္ပဏီ၏ ဆေးခန်းမှ ဆေးကုသပေးခြင်း၊ တောင်ယာလုပ်သားများ၏ ရင်သွေးများ ပညာရေးအတွက် ကျောင်းများကို ကူညီပေးခြင်း၊ ကျောင်းသားများအတွက် ထောက်ပံ့ပေးခြင်းများ လုပ်ပေးတဲ့အတွက် အဆင်ပြေပါတယ်" ဟု ဝမ်းသာအားရ ပြောကြားသည်။ မိမိတို့သတင်းအဖွဲ့ စိုက်ခင်းကို ဖြတ်လျှောက်ခဲ့ရာ ကျွန်းပင်များ အစီအရီ စိုက်ထားသော တောင်ကုန်းနောက်ခံရှုခင်းရှေ့မှာ တစ်ဖက်ပိတ်ဆည်ရေပြင်နှင့် စိုက်ခင်းအခြေစိုက်စခန်း၊ ပျိုးဥယျာဉ်တို့ကို လှမ်းတွေ့လိုက်ရသည်။ အခြေစိုက်စခန်းအရောက်မှာ အိုအေစစ်ကို ရောက်သွားသလို အေးချမ်းမှုကို ခံစားလိုက်ရသည်။ ယင်းနောက် ကျွန်းပင်ပေါက်များ ပျိုးထောင်လျက်ရှိသော ပျိုးဥယျာဉ်သို့လည်း ဝင်ရောက်လေ့လာခွင့် ရရှိခဲ့ပါသည်။ ပျိုးဥယျာဉ် တာဝန်ခံမှနေ၍ ကျွန်းမျိုးစေ့မှ ကွင်းသို့ ရွှေ့ပြောင်းစိုက်နိုင်သည့်အရွယ်အထိပြုစုပျိုးထောင်ပုံများကို ရှင်းလင်းပြသပေးသည်။ ပျိုးဥယျာဉ်အနီးတွင်တစ်ပိုင်တစ်နိုင် လျှိုပိတ်ဆည်ကို အကန့်လေးကန့်ခွဲ၍ တည်ဆောက်ထားသည်ကိုတွေ့ရသည်။ လျှိုပိတ်ဆည် အကန့်(၁)နဲ့ (၂)အပိုင်းမှာ ရေအနည်ထိုင်စေပြီး ရေကြည်ကို အမှတ်(၃)ကန်သို့ သွင်းယူကြောင်း၊ ပျိုးပင်ရေလောင်းရန်နှင့် သောက်သုံးရန်ရေကြည်ရစေရန်ဖြစ်ကြောင်း သိရသည်။အမှတ်(၄)ကန်ကိုမူ ကျွဲနွားများအတွက် အသုံးပြုရန် ပြုလုပ်ထားကြောင်း သိရသည်။ ဤဒေသမှာ မြေအောက်ရေတူးဖော်ရာတွင်မအောင်မြင်သည့်အပြင် နွေရာသီ၌ ရေရှားသဖြင့် ဤရေကန်ကို အနီးအနား ကျေးရွာနှင့် တောင်ယာများမှလည်း သုံးစွဲလျက်ရှိကြောင်းတွေ့ရသည်။ ရေများကို သန့်ပြန့်စွာသုံးစွဲနိုင်ရန် ကန်များအတွင်းဆင်း၍ ခပ်ခွင့်မပေးဘဲ ရေတိုကင်များ တပ်ဆင်ပေးထားတာကိုလည်း တွေ့မြင်ခဲ့ရသည်။ ညနေပိုင်းတွင် စိုက်ခင်းပတ်လည် ဖောက်လုပ်လျက်ရှိသော မီးတားလမ်းအတိုင်း လျှောက်သွားကြပြီးနောက် စိုက်ခင်းတစ်ခုလုံးမြင်တွေ့နိုင်သည့် ကုန်းမြင့်ပေါ်ရှိ မီးမျှော်စဉ်မှ ရှုမောဖွယ်ရာ ကျွန်းခင်းနှင့် ညနေဆည်းဆာအလှကို ကြည့်ရှုခံစားကြသည်။ နောက်တစ်နေ့နံနက်တွင် စိုက်ခင်းမှ ကားဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ရန်ကုန်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြသည့်တိုင် မြန်မာ့ ရွှေကျွန်းရတနာများကို တိုးပွားဖို့ စိုက်ပျိုးထားသည့် စိုက်ခင်းများကို မျက်စိထဲ မြင်ယောင်ဆဲဖြစ်ပါသည်။ "သစ်တောနှင့် သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး"ဟူသော ဆောင်ပုဒ်နှင့်အညီ သစ်တောနှင့် သစ်ပင်များကိုချစ်ခင်ကြပါစေ၊သစ်ပင်စိုက်လိုသူပိုမိုပေါများလာပါစေ၊ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ ပိုမိုကျယ်ပြန့်စွာ အောင်မြင်ပေါ်ထွန်းလာပါစေကြောင်း ဆန္ဒပြုမိပါသည်။



ဖြစ်ထွန်း အောင်မြင်နေသော ကျွန်းပင်များကို တွေ့ရစဉ်။

## (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး

(ခ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး

(ဂ) ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သန်လျင် အထက(၂) (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

သန်လျင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (ယခင်မက်သဒစ် အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ၂၇ရက် (စနေနေ့) နံနက် ၉နာရီတွင် အထက (၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ စစ်ကြိုခေတ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) တက်ရောက်ကြရန်နှင့် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ယင်းနေ့တွင် တစ်ပါတည်း ထည့်ဝင်လှူဒါန်း ပူဇော်နိုင်ကြောင်း သိရသည်။ (၅၂၇)

## ✧ ဘောလုံးမှ

ဘောလုံးရွေ့လျားမှုကို ထောက်လှမ်းပေးမည့်နည်းပညာ ပေါ်ထွက်လာခြင်းဖြင့် အနာဂတ်ကာလ ဘောလုံးပြိုင်ပွဲများတွင် ဒိုင်လူကြီး၏ မှားယွင်းသော ဆုံးဖြတ်ချက်ကြောင့် သက်ဆိုင်ရာ အားကစားသမား ထိခိုက်နစ်နာရခြင်းမရှိစေရန် ရှောင်လွှဲနိုင်မည်ဖြစ်သည်။

အဆိုပါ နည်းပညာကို တီထွင်ဖော်ထုတ်သူမှာ ကာနက်ဂီမယ်လွန်တက္ကသိုလ် ကွန်ပျူတာအင်ဂျင်နီယာပညာရပ် ပါမောက္ခ ဒေါက်တာပရီယာနာရာဆင်ဟန်ဖြစ်သည်။

ဘောလုံးရွေ့လျားမှုကို ထောက်လှမ်းပေးမည့်စနစ်အရ မည်သည့်နေရာတွင် ဘောလုံးရောက်ရှိနေသည်၊ မြေပြင်ပေါ်တွင် မည်သို့လိမ့်သွားသည်၊ မည်သူက ယင်းဘောလုံးကိုထိမိသည် စသည်ဖြင့် သတင်းအချက်အလက်များ သိရှိနိုင်ရန် ဂျီပီအက်စ် သတင်းအချက်အလက် လက်ခံစက်ကို အသုံးပြုထားသည်။ ဘောလုံးအတွင်းထည့်သွင်းထားသော အာရုံခံကိရိယာများက စက္ကန့်တိုင်း စက္ကန့်တိုင်း သတင်းပေးပို့ချက်ကို ဂျီပီအက်စ်စနစ်ဖြင့် လက်ခံမည် ဖြစ်သည်။

ဂြိုဟ်တုစနစ်သုံး လမ်းပြမြေပုံစနစ်(ဂျီပီအက်စ်)ဖြင့် ဘောလုံးရွေ့လျားမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်ရန် မိမိဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း နာရာဆင်ဟန်ကပြောကြားသည်။ ***အင်တာနက်။***

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် (ကျောက်ပြား)များအားလှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရသကဲ့သို့ နေပြည်တော်တွင်လည်း ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့် အချိန်နှင့်ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (၁) ရွှေပြား(၁ပေ×၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ၁၆၂၀၀၀၀ိ/- နှုန်း |
| (၂) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ) | ၂၂၈၁၉ ချပ် | ၁ ချပ် | ၂၂၀၀၀ိ/- နှုန်း |
| (၃) စကျင်ကျောက်(၂ပေ×၂ပေ) | ၁၀၀၈၈၉ ချပ် | ၁ ချပ် | ၁၃၀၀၀ိ/- နှုန်း |
| (၄) မြစ်သားကျောက်(၂ပေ×၂ပေ) | ၂၄၇၈၆ ချပ် | ၁ ချပ် | ၁၃၀၀၀ိ/- နှုန်း |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် "ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ" အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## ပဲခူးဒီဂရီကောလိပ် အာစရိယ ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာန၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ဒေါက်တာချိုချိုတင့် ဖုန်း-၀၉-၅၁၈၂၀၁၈၊ ဒေါ်ရီရီအုန်းသန်း ဖုန်း-၀၅၂-၂၃၉၀၉၊ ဦးစိုးမိုးဝင်း ဖုန်း-၀၉၅-၁၀၅၉၇၂၊ ဦးဝင်းခိုင် ဖုန်း-၀၅၂-၂၁၉၉၀၊ ဒေါ်အေးအေးဝင်း ဖုန်း-၀၉၅-၃၀၁၁၄၃၊ ဒေါ်အေးအေးစိုး ဖုန်း - ၀၅၂-၂၂၄၈၈၊ ဒေါ်ပန်းဝါ ဖုန်း-၀၅၂-၂၃၇၅၀၊ ဒေါ်မြင့်မြင့်ထွေး(ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၆၅၊ ဒေါ်ညိုမာလွင်(သနပ်ပင်) ဖုန်း-၀၉၅-၃၀၀၄၉၇၊ ဦးထိုက်တင်အောင်(ရွှေကျင်-မဒေါက်) ဖုန်း-၀၅၂-၄၂၅၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မြန်မာစာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (၄၂၈)

## မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများ ညအပူချိန်များ အနည်းငယ်လျော့နိုင်



ရန်ကုန် ဒီဇင်ဘာ ၂၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ဒီဇင်ဘာ ၂၅ရက် ညနေထိ ခန့်မှန်းချက်။** ။ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# TMW Enterprise Ltd. က ကြီးမှူး၍ နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်ကျင်းပ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံကို အများဆုံး ၇၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချ

**ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်လျက်ရှိသည့် မျက်မှောက်ကာလတွင် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီအများစုသည် ဈေးကွက်ကို ပိုမိုမြှင့်တင်သည့်အနေဖြင့် နှစ်သစ်ကူး ဈေးရောင်းပွဲတော်များကို ကျင်းပပြီး အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်သူပရိသတ်များ အထူးနှစ်ခြိုက် သဘောကျဝယ်ယူလျက်ရှိသည်ကို မြင်တွေ့ရသည်။**

TMW Enterprise Ltd. က ကြီးမှူးကျင်းပသော အမျိုးအစား ထောင်ချိသည့် အီလက်ထရွန်နစ်ပစ္စည်းများ နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် မဟာစည်သာသနာ့ရိပ်သာလမ်းထောင့် အမှတ်(၅၆)ရှိ TMW Complex ၌ ကျင်းပရာ မိမိတို့သတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ပါသည်။

ပွဲတော်သို့ရောက်ရှိချိန်မှာ နံနက်ပိုင်းဖြစ်သော်လည်း ဈေးဝယ်သူပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

TMW Enterprise Ltd. မှ ဒေါ်စပယ်တင်က နှစ်သစ်ကူး အထူးလျှော့ ဈေးရောင်းပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် "နှစ်နဲ့ချီ၍အားပေးခဲ့ကြတဲ့ အနယ်နယ်အရပ်ရပ်မှ ချစ်ပရိသတ်များအတွက် ယခုနှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဆယ်စုနှစ်တာကာလအတွင်း အသက်သာဆုံး အထူးလျှော့ဈေးအနေနဲ့ အများဆုံး ၇၀ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ပဏာမ ရှင်းလင်းပြောကြားသည်။

တစ်ဆက်တည်းမှာပင် "နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်မှာ Sony, LG., T-Home အမျိုးအစားထောင်ချိတဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ၊ Branded LCD, TV, DVD တွေ၊ အကောင်းစား Luxury bathrooms and tiles တွေ၊ digital camera and accessories တွေ၊ လုပ်ငန်းသုံး-အိမ်သုံး Generator တွေ၊ ဂျပန်နိုင်ငံလုပ် INAX ရေချိုးခန်းနဲ့ အိမ်တွင်းအလှဆင် ကျောက်ပြားမျိုးစုံ၊ OTO (ကျန်းမာရေးအထောက်အကူပြု) ပစ္စည်းတွေ အပါအဝင် မြန်မာနိုင်ငံ တေးဂီတလောကရဲ့ အပြည့်အစုံဆုံး CD, VCD,DVD မူရင်းအခွေတွေအထိ အီလက်ထရွန်နစ် ပစ္စည်းမျိုးစုံကို ထောင်ချိ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ အထူးဈေးရောင်းပွဲတော်ကို



**နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်တွင် ရောင်းချလျက်ရှိသော အီလက်ထရွန်နစ်ပစ္စည်းများကို တွေ့ရစဉ်။**

ဒီဇင်ဘာ ၂၄ ရက်ကနေ ဒီဇင်ဘာ ၂၈ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း ရောင်းချပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ဖျော်ဖြေရေး အစီအစဉ်အဖြစ် ပွဲတော်ကာလအတွင်း လာရောက်ဝယ်ယူ အားပေးကြသော ပရိသတ်များအား နာမည်ကျော်ရုပ်ရှင်၊ ဂီတအနုပညာရှင်များက အမှတ်တရတွဲဖက် ဓာတ်ပုံရိုက်ကူးပေးမည့်အစီအစဉ်လည်း ပါဝင်ကြောင်း၊ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအတွင်း T-Home ဂီတည အချစ်သီချင်းစီးရီး ပရိုမိုးရှင်းပွဲအစီအစဉ်ကို ကျင်းပမည်ဖြစ်သဖြင့် နာမည်ကျော်ဂီတအနုပညာရှင်များက ဝယ်ယူအားပေးကြသော

**သတင်းမြင်ကွင်း**

**မောင်မောင်ထွေး(သတင်းစဉ်)**

**ဓာတ်ပုံ-ကိုညိုကြီး(သတင်းစဉ်)**



**TMW Enterprise Ltd. ၏ နှစ်သစ်ကူးအထူး ဈေးရောင်းပွဲတော်တွင် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် ရေချိုးခန်းသုံးပစ္စည်းများကို တွေ့ရစဉ်။**

ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုး ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်"နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို လာရောက်ဝယ်ယူ အားပေးကြတဲ့ပရိသတ်များအတွက် ဗလာမပါကံစမ်းမဲများနဲ့ ကလေးငယ်များအတွက် မုန့်မျိုးစုံနဲ့ အထူးလက်ဆောင်များကို တုံ့ပြန်ချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များသည် နှစ်သစ်ကူး အထူးဈေးရောင်းပွဲတော်အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ TV ရုပ်မြင်သံကြား အရောင်းပြခန်းအတွင်း ၁၉လက်မမှ ၅၂လက်မအထိ အရွယ်အစားမျိုးစုံ၊ အရောင်အသွေးမျိုးစုံကို ဝယ်ယူချင်စရာ ခင်းကျင်းပြသထားသည်။ ယခင် ဈေးနှုန်းနှင့် ယခုအထူးလျှော့ပေးသည့် ဈေးနှုန်းများကိုလည်း ပစ္စည်းအမျိုးအစားအလိုက် ကပ်ထားသည်ကို တွေ့ရသည်။

Sony ၄၆လက်မ TV ၏ မူလဈေးနှုန်း ငွေကျပ် ၂၉၉၀၀၀၀ကို အထူးလျှော့ဈေးနှုန်း ငွေကျပ် ၁၉၉၀၀၀၀အထိ လည်းကောင်း၊ LG အဲယားကွန်းသုံးမတ်အား၏ မူလဈေးနှုန်းငွေကျပ် ၂၈၅၀၀၀ကို အထူးလျှော့ဈေးနှုန်းငွေကျပ် ၂၅၉၀၀၀အထိ လည်းကောင်း၊ LG ၃၄လက်မ TV၏မူလဈေးနှုန်းငွေကျပ် ၆၉၉၀၀၀ကို အထူးလျှော့ဈေးနှုန်း ငွေကျပ် ၃၄၉၀၀၀အထိ လည်းကောင်း၊ T-Home ၃၂လက်မ LCD TV ၏ မူလဈေးနှုန်းငွေကျပ် ၆၈၉၀၀၀ကို အထူးလျှော့ဈေးနှုန်းငွေကျပ် ၅၉၉၀၀၀ အထိ လည်းကောင်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

အလားတူ ဂျပန်နိုင်ငံမှ တင်သွင်းဖြန့်ဖြူးရောင်းချပေးသော Sony LCD TV များကို ၅၀ရာခိုင်နှုန်းအထိ လျှော့ဈေး၊ DVD Player များကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ဈေး၊ မိမိ၏အိမ်တွင် ရုပ်ရှင်ရုံသဖွယ် နားသောတဆင်ခံစားနိုင်သော Home Theatre များ၊ Hi Fi များကိုလည်း အထူးလျှော့ဈေးများအပြင် အာမခံကတ်များဖြင့်လည်းကောင်း၊ ထို့ပြင် Sony Digital Camera များ၊ Sony Ericsson GSM Hand-Set များ၊ လုပ်ငန်းသုံး Professional Camera များ၊ အခြားလိုအပ်သော Accessories များကိုလည်း ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ကိုရီးယားနိုင်ငံလုပ် LG Starlet TV များကိုလည်း လျှော့ဈေးနှင့် ရောင်းချပေးနေသည့်အပြင် လက်ဆောင်ပစ္စည်းများပါ ထည့်သွင်းပေးထားကြောင်း၊ DVD Player များ၊ အိမ်အတွက် မရှိမဖြစ်လိုအပ်သော



**TMW Enterprise Ltd.၏ နှစ်သစ်ကူးအထူး ဈေးရောင်းပွဲတော်ကို တွေ့ရစဉ်။**

အဝတ်လျှော်စက်၊ အဲယားကွန်း၊ ရေခဲသေတ္တာအစရှိသည့် အိမ်သုံးပစ္စည်းများကို နှစ်သစ်ကူးအထူးလက်ဆောင်များနှင့်အတူ ရောင်းချပေးနေကြောင်းနှင့် ပန်းဆိုးတန်းမှ နာမည်ကြီး Electronic ဆိုင်များဖြစ်သော ဝေယံ Electronic ၊ MC Electronic နှင့် ပြည်ကျော် Electronic ဆိုင်များကလည်း နာမည်ကြီး Electronic တံဆိပ်မျိုးစုံကို ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

အိမ်အတွက် မရှိမဖြစ်လိုအပ်သော အိမ်သာအိုးနှင့် ဘေဆင်တွဲလျက်တစ်စုံကို ငွေကျပ်ကိုးသောင်းဖြင့် INAX အရောင်းပြခန်း၌ လည်းကောင်း၊ ဂျပန်နိုင်ငံမှ တင်သွင်းဖြန့်ဖြူးရောင်းချပေးနေသည့် အရည်အသွေးမြင့်မားသော INAX ကြွေပြား၊ ကျောက်ပြားများကိုလည်း ဈေးပွဲတော်ငါးရက်အတွင်း အထူးလျှော့ဈေးများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးအထောက်အကူပြု OTO အကြောနှိပ်စက်၊ ခြေဖဝါးနှိပ်စက်၊ မျက်လုံးအကြောပြေစက်စသည့် ပစ္စည်းမျိုးစုံကိုလည်းကောင်း၊ တေးသံသွင်းဆိုင်များဖြစ်ကြသော Excellent Creation ၊ ချိုကြည်သာတေးသံသွင်း၊ ရတနာမြိုင် တေးသံသွင်းတို့ကလည်း မူရင်းခွေတစ်ခွေဝယ်ယူအားပေးလျှင် တစ်ခွေလက်ဆောင်ပေး၍လည်းကောင်း အထူးချိုသာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်ကို သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါသည်။ ။


ရှင်သန်ဖြစ်ထွန်းနေသည့် ကျွန်းပင်များ

# ပုဂ္ဂလိက ကျွန်းစိုက်ခင်းသို့ လေ့လာရေးခရီး တစ်ခေါက်

သတင်းခရီးသည်
စိုးလှိုင်(လယ်ဝေး)

ဓာတ်ပုံ
ကျော်စွာဝင်း၊ လှမျိုး

**နိုင်ငံတော်အစိုးရသည် နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကူညီအားပေးလျက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပုဂ္ဂလိကပိုင် ကျွန်းစိုက်ခင်းများ တည်ထောင်ရင်းနှီးမြှုပ်နှံရန် ကူညီအားပေးလျက်ရှိသည်။**

ပုဂ္ဂလိက ကျွန်းစိုက်ခင်းများ စိုက်ပျိုး တည်ထောင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံတော်စီးပွားရေး လုပ်ငန်းများ အထောက်အကူပြုနိုင်ခြင်းအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း အသိဉာဏ်များ ပိုမိုတိုးပွားလာပြီး ဂေဟစနစ်များ ပျက်စီးယိုယွင်းမှုများကို ကာကွယ်ထိန်းသိမ်းနိုင်မည် ဖြစ်သည်။ ထို့ကြောင့် သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကျွန်းစိုက်ပျိုးခြင်း လုပ်ငန်းများကို ၂၀၀၅ ခုနှစ်ကစတင်၍ စည်းကမ်း ဥပဒေများနှင့်အညီ ခွင့်ပြုပေးခဲ့ရာ ပုဂ္ဂလိကပိုင် ကျွန်းစိုက်ခင်းများ ပေါ်ထွန်းလာပြီး စိတ်ဝင်စားသူများလည်း တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်း တည်ထောင် လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများနှင့် တစ်သီးပုဂ္ဂလစိုက်ခင်း တည်ထောင်နေသူများအနက် တစ်ခုဖြစ်သော

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✡

သီးနှံစပါး
ပြည့်အင်အား
တားဆီးကာကွယ်
မီးအန္တရာယ်

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ကေ ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကြေးမုံ The Mirror နည်းပညာသိပ္ပံ ဘာသာပြန်-တက်လူ

## ဘောလုံးရွေ့လျားမှုကိုသိရှိရန် ဂျီပီအက်စ်စနစ်ဖြင့်လေ့လာမည်

**ပစ္စဘတ် ဒီဇင်ဘာ ၂၃**

ဘောလုံးတစ်လုံး၏ ရွေ့လျားမှုကို စဉ်ဆက်မပြတ် လေ့လာသိရှိခြင်းဖြင့် ဒိုင်လူကြီးများ၏ အဆုံးအဖြတ် မှန်ကန်စေနိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ကာနက်ဂီမယ်လွန်တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးသည် ဂျီပီအက်စ်စနစ်နှင့် အာရုံခံကိရိယာများအားအသုံးပြု၍ ဘောလုံးရွေ့လျားမှုကို သိရှိရန်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ✧


**ဂျီပီအက်စ် သတင်းအချက်အလက် လက်ခံစက်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

**"နွားချေးကနေ ဇီဝမြေဩဇာတွေ၊ ဇီဝလောင်စာတွေ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ကျေးလက်ဒေသတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်အောင် နိုင်ငံတော်အစိုးရက လမ်းညွှန်ပြသပေးနေတာ. . ."**

ကျော်ရဲမင်း၏ (ဆောင်းပါး)

စာမျက်နှာ-၆၊ ၇

## မီးသတိပြု

ခြောက်သွေ့ရာသီ၊ ရောက်လာပြီ
ကိုယ်စီယှဉ်တွေး၊ မီးသင့်ဘေး။
အသုံးတတ်လျှင်၊ မီးသခင်
ပျော်ရွှင်မှုပေး၊ ချမ်းသာရေး။
မသုံးတတ်လျှင်၊ မီးသည်ပင်
အလျင်မနှေး၊ ဒုက္ခပေး။
အမှိုက်ကစ၊ မီးလောင်ကြ
ခနဉစ္စာ၊ မီးခိုးပြာ။
မီးမီးမီးမီး၊ ပေါ့ဆမီး
ပူမီးသောက၊ နေဆယ်ဆ။
တစ်အိမ်ကမီး၊ ရပ်ကွက်စီး
သီးသီးတွေ့ကြ၊ ကြီးဒုက္ခ။
သောကဝေးအောင်၊ မီးဘေးရှောင်
မလောင်ခင်က၊ တားဆီးကြ။
သတိတရား၊ လက်ကိုင်ထား
နစ်များစွာက၊ သက်သေပြ
ဖြစ်ပွားလာက၊ ဝိုင်းဝန်းကြ။ ။

တက္ကသိုလ် ညိုညိုသန့်